**သစ်တောဦးစီးဌာန၊ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ**
**ပုံစံ(၈)ဝင် သစ်များ လေလံတင် ရောင်းချမည့် အစီအစဉ်**

သစ်တောဦးစီးဌာန၊ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ပုံစံ(၈) ဝင် အခြားသစ်လုံး/တိုင်(၄၁) လုံး (၈.၈၂၅၄)တန်အား ၁၄-၆-၂၀၁၄ ရက်နေ့တွင် သစ်တောဦးစီး ဌာန ကြာအင်းဆိပ်ကြီးမြို့နယ် ဦးစီးအရာရှိရုံးတွင် လေလံစည်းကမ်းချက်များနှင့်အညီ ဈေးပြိုင် စနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက သစ်တောဦးစီးဌာန၊ ကြာအင်းဆိပ်ကြီးမြို့နယ် ဦးစီးအရာရှိရုံးသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

အကြောင်းအရာ ။ **သစ်တောဦးစီးဌာန** http:// WWW. fdmoecaf. Gov.mm / website **တွင် ထည့်သွင်းမည့် သတင်းအချက်အလက် ပေးပို့ခြင်း**

(၁)ကရင်ပြည်နယ် သစ်တောဦးစီးဌာန၏ (၆.၆.၂၀၁၄)ရက်စွဲပါစာအမှတ် ၊ ၈၄၂ - ၈၄၄/သ(င)၇

(၂) စီမံခန့်ခွဲရေးဌာန၏ (၁၅.၁၂.၂၀၁၃)ရက်စွဲပါစာအမှတ် ၊ စီမံ/စမရ/၀၃၃ (၁၀၆၇၂- ၈၁/၂၀၁၃)

ကရင်ပြည်နယ် ၊ ကော့ကရိတ်ခရိုင် ၊ ကြာအင်းဆိပ်ကြီးမြို့နယ် သစ်တောဦးစီးဌာနရှိ ပုံစံ(၈)ဝင်အခြားသစ်လုံး/တိုင်(၄၁)လုံး(၈.၈၂၅၄)တန်အား(၁၄.၆.၂၀၁၄)ရက်နေ့တွင်ကြာအင်းဆိပ်ကြီး မြို့နယ် ၊ ဦးစီးအရာရှိရုံး ၊ သစ်တောဦးစီးဌာနတွင် လေလံတင်ရောင်းချမည် ဖြစ်ပါကြောင်း **ရည်ညွှန်း (၁)**ပါစာများဖြင့် တင်ပြလာရာ အဆိုပါ ပုံစံ(၈)ဝင် အခြားသစ်လုံး / တိုင်များ၏ လေလံကြော်ငြာအား **ရည်ညွှန်း(၂)**ပါစာအရ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာန ၊ သစ်တော ဦးစီးဌာန website တွင် ထည့်သွင်းနိုင်ရေးအတွက် ပူးတွဲ ပေးပို့အပ်ပါသည် ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန
ကော့ကရိတ်ခရိုင် ၊ ကြာအင်းဆိပ်ကြီးမြို့

လေလံနှင့်ပတ်သက်သည့် စည်းကမ်းချက်များ

(၁) ပုံစံ ( ၈ ) ဝင်သစ်လုံးများအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

(၂) လေလံဆွဲဝယ်မည့်သူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီး အမျိုးသားမှတ်ပုံတင် / နိုင်ငံသားစိစစ်ရေးကတ်ပြားပြသနိုင်သူ ဖြစ်ရမည်။

(၃) လေလံရောင်းချမည့် ပုံစံ ( ၈ ) ဝင် သစ်လုံးများအား (၅-၆-၂၀၁၄) ရက်နေ့မှစ၍ လေလံမစမီ ( ၁) ရက် အလိုအထိ ရုံးချိန်အတွင်း (ရုံးပိတ်ရက်မှအပ) ကြာအင်းဆိပ်ကြီးမြို့နယ်သစ်တောရုံးတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

(၄) လေလံဆွဲမည့်သူသည် အဆိုပါပစ္စည်းများအတွက် ဆန္ဒငွေ (၁၀၀၀၀ိ/-) (ကျပ် တစ်သောင်းတိတိ) ကို ငွေသားဖြင့် (၅-၆-၂၀၁၄) ရက်နေ့မှလေလံမစမီ ( ၁ ) ရက်အလိုအထိ ရုံးချိန်အတွင်း ပေးသွင်းရပါမည်။

(၅) ဆန္ဒငွေပေးသွင်းပြီးကြောင်း ငွေရပြေစာ (မူရင်း) နှင့် လေလံစည်းကမ်းချက်တင်ပြနိုင်သူကိုသာ လေလံဆွဲဝယ်ခွင့် ပေးမည်ဖြစ်ပါသည်။

(၆) လေလံဆွဲဝယ်အောင်မြင်ခြင်း မရှိသော သူများအားငင်းတို့ဆန္ဒငွေ (၁၀၀၀၀ိ/) (ကျပ် တစ်သောင်းတိတိ) ကို လေလံပွဲပြီးသည့်နေ့မှစ၍ ( ၇ ) ရက်အတွင်း ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူခြင်းမရှိပါက လေလံရောင်းချရေးအဖွဲ့မှ သိမ်းဆည်းမည် ဖြစ်ပါသည်။

(၇) ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာတွင် လေလံတင်ရောင်းချရေးအဖွဲ့မှ ဈေးစတင် ခေါ်ယူခြင်း မပြုဘဲ လေလံဆွဲဝယ် သူများအား စတင်၍ ဝယ်ဈေး ပေးရမည် ဖြစ်ပါသည်။

(၈) လေလံဆွဲဝယ်အောင်မြင်သူသည် ဆွဲဝယ်အောင်မြင်သည့် ပစ္စည်းများအတွက် တန်ဘိုးငွေ၏ (၅၀%) ကို စရံအဖြစ် ချက်ချင်းပေးသွင်းရမည် ဖြစ်ပါသည်။

(၉) လေလံဆွဲဝယ် အောင်မြင်သူသည် ဆွဲဝယ်အောင်မြင်သည့်ပစ္စည်းများအတွက် တန်ဘိုးငွေ (၅၀%) ကို တစ်ပတ်အတွင်း အကျေပေးသွင်းနိုင်ခြင်း မရှိပါက စရံငွေအဖြစ် ပေးသွင်းထားသော (၅၀%) ကို နိုင်ငံပိုင်ဘဏ္ဍာငွေအဖြစ် သိမ်းယူမည် ဖြစ်ပါသည်။

(၁၀) လေလံရောင်းချခြင်းကို ကရင်ပြည်နယ် ၊ ကော့ကရိတ်ခရိုင် ၊ ကြာအင်းဆိပ်ကြီးမြို့နယ် သစ်တောဦးစီးဌာန ၊ ဦးစီးအရာရှိရုံးတွင် ၂၀၁၄ ခုနှစ်၊ ဇွန်လ ( ၁၄ ) ရက်နေ့ နံနက် (၁၁:၀၀) နာရီအချိန်တွင် လေလံတင်ရောင်းချပါမည်။



(၁၁) လေလံဆွဲဝယ် အောင်မြင်သည့် ပစ္စည်းများအတွက် ကျသင့်တန်ဘိုးငွေ အားလုံး ပေးသွင်းပြီးပါက မြို့နယ် သစ်တောဦးစီးအရာရှိထံ ငွေသွင်းချလံတင်ပြ၍ သစ်တောဦးစီးဌာနမှ ၎င်းပစ္စည်းများအား လွှတ်/ရောင်း တံဆိပ်ရိုက်မှတ်ခြင်း / ဘီလ်ပြေစာနှင့် သစ်အတိုင်းစာရင်းများ ဆောင်ရွက်ပြီးလျှင် ရုံးချိန်အတွင်း ပစ္စည်းများ လာရောက်ထုတ်ယူနိုင်ပါသည်။

(၁၂) လေလံတင်ရောင်းချရေးအဖွဲ့သည် အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်း မပြုဘဲ လေလံတင်ရောင်းချခြင်း ကို ပယ်ဖျက်ခွင့် ရှိသည်။

(၁၃) လေလံတင်ရောင်းချမည့် ပုံစံ ( ၈ ) သစ်များအား မျက်မြင်စစ်ဆေးပြီးမှ လေလံဆွဲဝယ်ရန် ။

(၁၄) လေလံအောင်မြင်ပြီးပါက မြန်မာ့စီးပွားရေးဘဏ်တွင် ငွေအကြေပေးသွင်းပြီးနောက် သစ်တောဦးစီးဌာန ထံ ပုံစံ ( ၈ ) သစ် / တိုင် များအား တရားဝင်လွှဲပြောင်း ပေးအပ်ရန် အတွက် တောင်းခံလွှာတင်ပြရန်။

(၁၅) လွှတ်/ရောင်း တံဆိပ်ရိုက်မှတ်ပြီး (သို့မဟုတ်) တရားဝင်လွှဲပြောင်းပြီးသော ပုံစံ ( ၈ ) များနှင့် ပတ်သက်၍ လက်ဝယ်ရောက်ရှိပါက ပျက်စီး/ပျောက်ဆုံး မှု မရှိစေရေးတာဝန်ယူကြောင်း ခံဝန်ကတိ တင်ပြရန်။

(၁၆) လေလံအောင်မြင်သော ပုံစံ (၈) ဝင် ၊ သစ်/တိုင်များအား ပြည်နယ်ကျော် သယ်ယူခွင့် မရှိပါ ။

လေလံတင်ဝယ်ယူသူတိုင်း ဖော်ပြပါ လေလံစည်းကမ်းချက်များကို လက်ခံပြီးဖြစ်သည်ဟု မှတ်ယူမည် ဖြစ်ပါသည်။